
MAUNG
MAUNG
THIKE

(၁)

မွေးရပ်ဌာနီကို ရှင်နှောင်း ကျောခိုင်းခွဲခွာ၍ ထွက်ခဲ့ပါပြီ။ ချစ်လှစွာသော အမေနှင့် မောင်နှမလေးတွေကို ထားရစ်ခဲ့ပြီး ထွက်ခဲ့ရသည်။

တရွေ့ရွေ့ ခုတ်မောင်းနေသော ရထားပေါ်ကနေ ရွေ့လျားဖြတ်သွားနေသော မြင်ကွင်း တွေကို ငေးကြည့်ရင်း ပါလာသည်။

မလွှဲသာ၍ ထားရစ်ခဲ့ရပေမယ့် ရှင်နှောင်း ရင်ထဲမှာ မချိအောင် ခံစားနေရသည်။ မျက်ရည် ကြည်တွေ ရစ်ဝိုင်းဝေသီသွားသည်။ အမြင်အာရုံတွေ ထွေပြားမှုန်မှိုင်းသွားသည်။

“မိန်းကလေး ဆာရင် မုန့်စားပါလား”

အနားက ပြောလာသံကြောင့် မော့ပြီး ကြည့်လိုက်သည်။

သူမကို လာရောက်ခေါ်ဆောင်လာသည့် ဦးကြီးကို မျက်နှာညှိုးညှိုးနှင့် ကြည့်လိုက်သည်။

“ရှင်နှောင်း မဆာသေးပါဘူး ဦးရယ်”

“မိန်းကလေး အိမ်နဲ့ ခွဲခွာခဲ့ရလို့ စိတ်မကောင်း ဖြစ်နေလားကွယ်”

ညှိုးငယ်နွမ်းလျနေတဲ့ သူမရဲ့မျက်နှာလေးကို ကရုဏာသက်သော အကြည့်တွေနှင့် ကြည့်ပြီး မေးသည်။

မျက်ဝန်းထဲက မျက်ရည်ကြည်တွေ ပါးပြင်ပေါ်သို့ ပြုတ်ကျမလာအောင် ရှင်နှောင်း ထိန်းထားလိုက်ပါသည်။ ရင်ထဲက ဆို့နစ်နေတဲ့ အဖြစ်ကို အတတ်နိုင်ဆုံး

ကြိုးစားထိန်းသိမ်းလိုက် သည်။

"တစ်ခါမှ မခွဲဖူးတော့ ရှင်နှောင်းရဲ့ ရင်ထဲမှာ တစ်မျိုးပါပဲ ဦးရယ်"

"ဟုတ်ရှာမှာပေါ့ကွယ်"

ဦးဘမှုန်က ကြင်နာသနားမှုတွေ ရောပြွမ်းနေတဲ့ အသံနှင့် ပြောသည်။

ရန်ကုန်မြေဆိုသော မြို့ကြီးကို ကျောခိုင်းပြီး ရထားကြီးက တရွေ့ရွေ့ ထွက်ခွာနေပါပြီ။ မွေးရပ်ဌာနီနှင့် တဖြည်းဖြည်း ဝေးကွာလာလေလေ၊ အားငယ်စိတ်တွေ ကြီးစိုးလာလေလေ ဖြစ်နေ သည်။

အသက် ဆယ့်ခုနစ်နှစ်သာ ရှိသေးတဲ့ ရှင်နှောင်းရင်ထဲမှာ ကျိတ်ပြီး ပူဆွေးသောကတွေ ဝေနေသည်။ ဖြူဝင်းနုမွတ်နေတဲ့ ရှင်နှောင်းရဲ့ မျက်နှာနုနုလေးမှာ ကြေကွဲရိပ်တွေ လွှမ်းနေသည်။

သက်ပြင်းငွေ့ငွေ့ကို ရှင်နှောင်းက မျှင်းမျှင်းလေး ချီလိုက်သည်။

ဩော် . . . ဘဂ ဇာတ်ဆရာရဲ့၊ လှည့်ကွက်က ကံကြမ္မာအလှည့်အပြောင်းကြောင့် ပျော်ရာမှာမနေ တော်ရာမှာပဲ နေရတော့မှာပါလေ။

သာစည်ဘူတာသို့ ရောက်ခဲ့ပြီ၊ ရထားတွဲပြောင်း ချိတ်ဆွဲလိုက်သည်။ ဘူတာဆီသို့ ရှင်နှောင်းဆင်းပြီး ခြေဆန့်လက်ဆန့် အနေနှင့် လမ်းလျှောက်လိုက်သည်။

ပလက်ဖောင်းပေါ်တွင် သူမ ရပ်နေစဉ် မလှမ်းမကမ်းမှ သူတစ်ယောက် သူမကို စူးရှ နက်မှောင်သော အကြည့်တွေနှင့် ကြည့်နေသည်။

ရှင်နှောင်းကတော့ ကိုယ့်အတွေးနှင့်ကိုယ် ငေးနေသည်မို့ ထိုအကြည့်ကို သတိမပြုမိပါ။ လှုပ်ရှားသွားလာနေသော ခရီးသည်တွေကို ငေးကြည့်ရင်း အတွေးတွေက လွင့်ပျံနေသည်။

“မိန်းကလေး တက်တော့လေ၊ တော်ကြာ ရထားထွက်မှာကွယ့်”

ဦးဘမှုန်က လှမ်းခေါ်မှ ရှင်နှောင်းတွဲပေါ်သို့ ပြတ်တက်သည်။ အထူးတန်းမှာမို့ ရထားစီး ရတာ သက်သောင့်သက်သာ ရှိနေသည်။

ရှင်နှောင်းရဲ့ လှုပ်ရှားဟန်တွေကို မမှိန်မသုတ် ကြည့်နေသော သူသည် လက်ထဲက စီးက ရက်ကို မြေပြင်သို့ ချပြီး ရှူးဖိနပ်ဦးဖြင့် နင်းခြေလိုက်သည်။

ထိုသူသည် ရှင်နှောင်းရဲ့ တွဲမှာပဲ တက်လိုက်သည်။ ရှင်နှောင်းတို့နှင့် ခပ်လှမ်းလှမ်းက ထိုင်ခုံမှာ ဝင်ထိုင်သည်။ ရိုးသားအပြစ်ကင်းစင်တဲ့ ရှင်နှောင်း၏ မျက်နှာလေးကို ကြည့်ရင်း ရင်ထဲ မှာ သနားစိတ်တွေ ပြည့်လျှံယိုဖိတ်နေသည်။ သိမ်ငယ်အားငယ်နေသည့် အသွင်တွေ ရှင်နှောင်းရဲ့ မျက်နှာပေါ်ဝယ် ပီပီပြင်ပြင်ကြီး ပေါ်လွင်နေသည် မဟုတ်လား။

ရှင်နှောင်းက နောက်မှီ ဆိုဖာကို မှီလိုက်ပြီး မျက်လုံးလေးကို မှေးစင်းထားသည်။ အတွေး တွေက တရိပ်ရိပ် အတိတ်ကာလဆီသို့ ပြေးလွှားနေသည်။

*

(၂)

ရှင်နှောင်းသည် မောင်နှမ လေးယောက်အနက် အကြီးဆုံး သမီးဦး ဖြစ်သည်။ ရှင်နှောင်း အဖေက ရုံးတစ်ရုံးမှာ စာရေးကြီး တစ်ယောက်ပါ။ ရှင်နှောင်း အမေက အိမ်ဆိုင်လေး တည်ပြီး တစ်ဖက်တစ်လမ်းက အိမ်စီးပွားရေးကို ဖြည့်ဆည်းပေးရသူပါ။

ရုတ်တရက် ရှင်နှောင်း အဖေ သေဆုံးခဲ့ရသည်။ မိသားစု တစ်သိုက်၊ အိမ်ထောင်ဦးစီး အဖ မဲ့စွာနှင့် ကသီလင်တ ဖြစ်ရသည်။ အိမ်ဆိုင်လေးက ဝင်ငွေ၊ ဖခင်၏ ကရုဏာကြေး ပင်စင်နှင့် ဘယ်လိုမှ မလောက်ငှအောင် ဖြစ်နေသည်။

ဆယ်တန်းကျောင်းသူလေး ရှင်နှောင်း ကျောင်းက ထွက်လိုက်ရသည်။ ဈေးကူရောင်းရင်း မိခင်ကြီးရဲ့ တာဝန်တွေကို တတ်ထားသမျှ ဝင်ရောက်ကူညီ ထမ်းပိုးခဲ့သည်။

ဒါပေမယ့် ဘယ်လိုမှ ဖူလုံလောက်ငှခြင်း မရှိခဲ့ပါ။ ရှင်နှောင်းတို့ အိမ်သို့ ဝင်ထွက်သွားလာ နေသော အမျိုးသမီးတစ်ဦးက ပွဲစားလုပ်ပြီး ရှင်နှောင်းကို အလုပ်ရှာပေးသည်။

တောင်ကြီးမြို့က သူဌေးကြီး တစ်ယောက်အိမ်မှာ အလုပ်လုပ်ဖို့ပါ။ သူဌေးကြီးရဲ့ တစ်ဦး တည်းသော လူမမာ သားလေးကို ထိန်းကျောင်းရန်နှင့် စာသင်ပေးရန် ဖြစ်သည်။

လစာကလည်း ကောင်းသည်။ နေစရိတ် စားစရိတ်ကလည်း ငြိမ်း သေသေချာချာ တွက် လိုက်လျှင် အလွန်တွက်ခြေကိုက်သည့် အလုပ်ပါ။

"အမေရယ်၊ ရှင်နှောင်း အဲဒီ အလုပ်ကို သိပ်လုပ်ချင်တယ်"

မိခင်ဖြစ်သူကို ရှင်နှောင်းက ပူဆာသည်။ မိခင်ကြီးရဲ့ လက်သို့ အသားတင်ရမည့် လစာ ငွေကို အပြည့်အဝ ပေးချင်သည်။ အပ်ချင်သည်ပေါ့။ ရှင်နှောင်း၏ မျက်နှာလေးကို ကြည့်ပြီး တဖြည်းဖြည်း မိခင်ရဲ့ မျက်နှာချိုးကျုန္ဒမ်းလျှသွားသည်။

"သမီးရယ်၊ အမေတို့ မျိုးရိုးထဲမှာ သူတစ်ပါးအိမ်မှာ အိမ်စေလုပ်တဲ့သူ မရှိခဲ့ပါဘူး။ ငါ့သမီး နုနုထွတ်ထွတ်လေးနဲ့ အဲဒီ အလုပ် မကိုက်ပါဘူးကွယ်"

"ဟာ . . .အမေက အတွေးခေါင်နေပြန်ပါပြီ၊ ရှင်နှောင်းလုပ်မယ့်အလုပ်က မသိမ်ငယ်ပါဘူး အမေရယ်၊ ဘယ်အလုပ်မဆို ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ရင် ဂုဏ်ရှိပါတယ် အမေရယ်"

တောင်းပန်တိုးလျှိုးသော မျက်ဝန်းတွေနှင့် မိခင်ကြီးကိုကြည့်ပြီး ရှင်နှောင်း တောင်းပန် ခယစွာ ပြောသည်။

"ရှင်နှောင်းလေ၊ ညီမလေးနဲ့ မောင်လေးတွေကို ကျောင်းထားချင်တယ်၊ သူတို့လေးတွေ ပညာတတ်ကြီးတွေဖြစ်လာအောင်ထိ မဟုတ်တောင် ဆယ်တန်းလောက်ထိ ပညာသင်ချင်တယ် အမေရယ်"

သမီးရဲ့ မျက်နှာလေးကို ချစ်မြတ်နိုး ကရုဏာသက်စွာ ကြည့်ရင်း အမေ သက်ပြင်းနက်နက် ချလိုက်သည်။

"နော် . . . အမေ၊ ရှင်နှောင်း အဲဒီ အလုပ်ကို လက်ခံလိုက်မယ်နော်"

တနော်နော်နှင့် ရှင်နှောင်းက မိခင်ဆီမှ ခွင့်ပန်နေသည်။ အမေကလည်း မတတ်သာလို့ ပြုရတော့မည့် အခြေအနေကို ဆိုက်နေပြီ။

"သမီးလေးကို တစ်နယ်တစ်ကျေး လွှတ်ရမှာ အမေစိတ်မချဘူးကွယ်"

သမီးရဲ့ ဆံပင်တွေကို ပွတ်သပ်ရင်း မချိတင်ကဲ ပြောသည်။

“စိတ်ချပါ အမေရယ်၊ ရှင်နှောင်း ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ပါတယ်။ နောက်ပြီး အမေ့ မေတ္တာတွေကြောင့် ရှင်နှောင်းလေ၊ သွားလေရာမှာ ခလုတ်မထိ၊ ဆူးမငြိနိုင်ပါဘူး အမေရယ်”

“အင်းလေ၊ ငါ့သမီးစိတ်အားထက်သန်နေရင် လုပ်ကြည့်ပေ့ါကွယ်၊ အမေကို လုပ်ကျွေးတဲ့ သမီး ဘေးမသီ ရန်မခပါစေနဲ့လို့ အမေဆုတောင်းနေရစ်ပ့ါမယ်။

“အို . . . အမေရယ်”

မိခင်ရဲ့ ရင်ခွင်ထဲသို့ ရှင်နှောင်း တိုးဝင်မိသည်။ သားအမိနှစ်ယောက် မျက်ရည်ဖြိုင်ဖြိုင် ကျရင်း ဂမ်းနည်းနေကြသည်။ ကြမ်းတမ်းခက်ထန်လှတဲ့ လောကဓံကို မိန်းမသားနှစ်ဦး အံတင်း တင်းကြိတ်ပြီး တွန်းလှန်ခုခံလိုက်ကြသည်။

ညီမငယ်နှင့် အမြွှာမောင်လေး နှစ်ယောက်က ဘာမျှ နားမလည်ရှာ အစ်မကို ခွဲမသွားဖို့၊ တားဖို့၊ ငိုဖို့သာ သိတတ်နားလည်ကြသည်။ ကြေကွဲ အားငယ်နေတဲ့ မောင်နှမတွေကို ကျောခိုင်း ရစ်ခဲ့ပြီး ရှင်နှောင်း ထွက်ခဲ့ရခြင်းပါ။

အဝေးဆီသို့ ငေးနေသော ရှင်နှောင်း မျက်ဝန်းထဲမှာ တရိပ်ရိပ် ပြေးလွှားနေတဲ့ လမ်းဘေး တစ်လျှောက်မြက်ကွင်းတွေကို မမြင်ပါ။ သနားစရာ ချစ်စရာကောင်းတဲ့ ညီမငယ်နှင့် မောင်ငယ် လေးတွေရဲ့ မျက်နှာတွေကိုသာ တဝဲဝဲလည် မြင်ယောင်နေသည်။

ဦးဘမှုန်က ရှင်နှောင်းရဲ့ ကြေကွဲရိပ်တွေ လွှမ်းနေတဲ့ မျက်နှာလေးကို စောင်းငဲ့ကြည့်လိုက် သည်။

“ကလေးမရယ်၊ တစ်ခုခု စားကြရအောင် ဘကြီး ဆာပြီကွယ်”

“ဩော် . . . ဟုတ်ကဲ့ရှင့်”

လမ်းက ဝယ်ခဲ့သော စားစရာများကို ရှင်နှောင်းက ထုတ်သည်။

ဂမ်းထဲမှာ ဟာတာတာ ဖြစ်လာသည်မို့ စားချင်စိတ် မရှိသော်လည်း စားလိုက်ရသည်။ သည်တော့မှ ဦးဘမှုန်ရဲ့မျက်နှာ လည်း နည်းနည်းရွှင်လာသည်။

တဖြည်းဖြည်း အပြင်လောကကြီးမှာ မှောင်ရီတွေ ပျိုးလာသည်။ ရထားတွဲတွင်းက မီးတွေ လည်း လင်းထိန်လာသည်။ ရှင်နှောင်းက မှောင်မည်းနေသော ရထားဝန်းကျင်က ရှုခင်းများကို ကြည့်ရင်း ငိုက်မျည်းလာ၍ မှေးခနဲ အိပ်ပျော်သွားသည်။

"ကလေးမ၊ ခွေးရုပ်ဘူတာ ရောက်ပြီ"

"ဩော် . . . ဟုတ်လား ဦး"

ဦးဘမှုန်က ငေးနေတဲ့ ရှင်နှောင်းကို ပြောသည်။ တစ်ခါမျှ မရောက်ဖူးသော ဒေသမှာမို့ ရှင်နှောင်းက ပတ်ဝန်းကျင်ကို ဝေ့ဝဲအကဲခတ် ကြည့်နေသည်။

"အောက်ဆင်းပါလား၊ အာလူးပူရီ ပူပူလေး သွားစားကြရအောင်"

ထိုင်ရတာ ညောင်းညာနေတဲ့ ရှင်နှောင်း၊ အကြိုက်တွေ့သွားသည်။ ဦးဘမှုန်နှင့် အတူ အောက်သို့ဆင်းသည်။ အာလူးပူရီ စားကြသည်။

"ကဲ . . .ကလေးမ တွဲပေါ်တက်နှင့်ဦး၊ ဒီမှာ နည်းနည်း ဝယ်စရာရှိလို့၊ ပြီးရင် လိုက်ခဲ့မယ်"

"ဟုတ်ကဲ့"

ရှင်နှောင်းက သူမရဲ့ တွဲဆီသို့ လျှောက်ခဲ့သည်။ ရထားရပ်တုန်း သွက်သွက်ဝယ် . . . သွက်သွက်ဝယ် သွက်သွက်စားနေသော ခရီးသည်တွေက ပျားပန်းခတ်မျှ ဘူတာမှ ရှုပ်ယှက်ခတ် နေသည်။

ရှင်နှောင်းက ခရီးသည်တွေကို ကွေ့ရှောင်ပြီး လျှောက်သည်။ ရုတ်တရက် ရှင်နှောင်းရဲ့ ကိုယ်လေ တစ်ပတ်လည်ပြီး လက်ထဲက ပိုက်ဆံအိတ်လေး

လွတ်ကျသွားသည်။

လူတစ်ယောက်နှင့် ဘေးချင်း ပြင်းပြင်းထန်ထန် တိုက်မိလေပြီ။

"အို . . ."

ရှင်နှောင်းက အထိတ်တလန့် အော်သလို လွတ်ကျသွားသော ပိုက်ဆံအိတ်လေးကို ကောက်ရန် ဟန်ပြင်လိုက်သည်။

"ဟာ . . . ဆောရီးနော်"

ရှင်နှောင်းရဲ့ အထိတ်တလန့် အသံလေးနှင့် မရှေးမနှောင်းမှာပဲ တစ်ဘက်ကတောင်းပန်သံ ကို ကြားရသည်။ ရှင်နှောင်းရဲ့ ပိုက်ဆံအိတ်လေးဆီသို့ သူ့ရဲ့ လက်ကအလျင်ရောက်သွားသည်။

မြင့်မားသော အရပ်၊ ခံ့ထည် ကျစ်လျစ်သော ကိုယ်ဟန်၊ ယောကျာ်းပီသ တည်ကြည်သော မျက်နှာကို ရှင်နှောင်းက အချိန်တိုအတွင်းမှာပဲ သတိထားလိုက်သည်။

နှစ်လိုဖွယ်ရာ အပြုံးတွေနှင့် သူက ကြည့်နေသည်။ လူခန့်ချောကြီးရဲ့ ရီဝေတဲ့ မျက်ဝန်း၊ ချိုမြတဲ့ အပြုံးတွေကြောင့် ရှင်နှောင်း ရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ်လေး ဖြစ်သွားသည်။

"ဆောရီးနော်၊ ညီမ ကိုယ်နမော်နမဲ့ နိုင်သွားတယ်၊ ဘယ်နာသွားသေလဲ ဟင်"

သိမ်မွေ့နူးညံ့သော အသံတွေနှင့် ယဉ်ကျေးစွာ မေးလာသည်။ ဖြူဝင်း နုမွတ်စွာ လှပနုနယ် လွန်းတဲ့ မိန်းကလေးကို သူက စေ့စေ့ကြီး ကြည့်နေမိသည်။

"ဟို . . . ရပါတယ်၊ ရှင်နှောင်း ဘာမှ မဖြစ်ပါဘူး"

"ဩော် . . . နာမည်က ရှင်နှောင်းတဲ့လား"

“ဟုတ် . . .ဟုတ်ပါတယ်”

ရှင်နှောင်းက မျက်လုံးလေး ဝေ့ဝဲပြီး ဦးဘမှုန်ကို ရှာသည်။ မတွေ့ပါ။

“သွားမယ်နော်”

“တွဲဆီ ပြန်မှာ မဟုတ်လား”

“ဟုတ် . . .”

သူစိမ်းယောကျ်ား တစ်ယောက် မရင်းနှီးရဲသော ရှင်နှောင်း သူ့ရှေ့က အမြန်ဆုံး ထွက်ခွာဖို့ ပြင်လိုက်သည်။

“ကိုယ်လဲ တွဲဆီကို ပြန်မှာပဲ”

ရှင်နှောင်းရဲ့ ဘေးမှာ သူကပ်ပါလာသည်။ သည်လူကို ရှင်နှောင်းက တွဲထဲတွင် အစ ကတည်းက ပါလာသည်ကို သတိထားမိပုံမပေါ်။ သူပြောပုံအရ ရှင်နှောင်းနှင့် တစ်တွဲတည်း ဖြစ်ပြီး ရှင်နှောင်းကိုလည်း သူသိနေသည့် ပုံပါလား။

“တောင်ကြီးကိုပဲ ပေ့ါနော်”

“ဟုတ်ပါတယ်”

“သွားလည်မလို့ ထင်ပါရဲ့”

စပ်စုနိုင်ရင်ကောလို့ ရှင်နှောင်း စိတ်ထဲတိုသွားသည်။ အတွန့်ချိုးနေတဲ့ မျက်ခုံးလေးတွေ ပင့်ပြီး သူ့မျက်နှာကို ကြည့်လိုက်သည်။ တည်ကြည်တဲ့ သူ့မျက်နှာကြောင့် တိုမိသည့် စိတ်လေး လွင့်ပျောက်သွားသည်။

“မဟုတ်ပါဘူး၊ ရှင်နှောင်းက အလုပ်သွားလုပ်မလို့”

မတားဆီးနိုင်ခင်မှာပဲ အလိုလို နှုတ်ခမ်းက အဖြစ်မှန်အတိုင်း ဖြေမိသွားသည်။

“ဟာ . . . ရှင်နှောင်းက ငယ်ငယ်နဲ့ အလုပ်လုပ်တော့မှာကိုး၊

ဘယ်ဌာနမှာ လုပ်မှာလဲ”

ရယ်ချင်စိတ်ကြောင့် ရှင်နှောင်းရဲ့ နှုတ်ခမ်းလေး နည်းနည်းတွန့်သွားသည်။ တစ်ဘက်က သိပ်အထင်ကြီးနေပါရောလား။

“ရှင်နှောင်းက သူဌေးကြီး ဦးသိုက်အောင်ဆီမှာ အလုပ်သွားလုပ်မှာ ရှင့်”

“ဟင် . . . ဟုတ်လား”

တအံ့တသြဟန်နှင့် ထိုသူရဲ့ မျက်ခုံးနှစ်ဘက် ပင့်တက်သွားသည်။

“ဟာ အဲဒီ လူကြီးက သိပ်ချမ်းသာတာပဲ”

“ဟုတ်ပါတယ် . . . သူ့သားလေးကို ထိန်းကျောင်းစာသင်ပေးဖို့ ရှင်နှောင်းကို ငှားထား တယ်လေ”

သိပ်စပ်စုပြီး သူများအကြောင်း သိပ်သိချင်တဲ့လူကြီးကို ရှင်နှောင်းက အရင်းအတိုင်း ဖောက်သည် ချလိုက်သည်။

“အဲဒီ မှာ သွားအလုပ်မလုပ်ပါနဲ့လား ရှင်နှောင်းရယ်”

“ရှင် . . .”

ဘာမဆိုင်၊ ညာမဆိုင်ဝင်ပြီး သူမအရေးကို စွက်ဖက်တဲ့ လူစိမ်းကို ရှင်နှောင်းက တအံ့တသြ ကြည့်နေမိသည်။

“ရှင်က သူတို့နဲ့ သိလို့လား”

“သိတော့ မသိပါဘူး။ ဒါပေမယ့် ရှင်နှောင်းအတွက် သိပ်စိုးရိမ်မိလို့ပါ။ ကိုယ်ကြားဖူးတယ်၊ အဲဒီ အိမ်ကြီးက ဇာတ်လမ်း ခပ်ရှုပ်ရှုပ်တဲ့၊ တော်ကြာ ရှင်နှောင်း စိတ်ညစ်ရမှာ စိုးလို့ပါ”

“ဘယ်လို ဇာတ်လမ်းရှုပ်တာလဲ”

“ကိုယ် မပြောချင်ပါဘူး၊ ရှင်နှောင်း အေးအေးဆေးဆေး

ကိုယ့်မိဘဆီပြန်ပြီး အခြား အလုပ် လုပ်ကိုင်စားပါလား”

ရှင်နှောင်းက မျက်မှောင်လေး ကြုတ်ပြီး သူ့ကို မော့ကြည့်လိုက်သည်။ မဆီမဆိုင် သူမရဲ့ ကိစ္စမှာ ဝင်ပြီး စွက်ဖက်နေတဲ့ လူစိမ်းကို အသံဆတ်ဆတ်လေးနှင့် ပြန်ပေးသည်။

“ရှင် . . . ဘယ်သူလဲ”

“ကိုယ် ဘယ်သူဆိုတာ ရှင်နှောင်းသိလဲ အပိုပါပဲကွာ”

တွဲထဲ ရောက်ခဲ့ပြီ။ ရှင်နှောင်းက သူမရဲ့ ခုံမှာ ဝင်ထိုင်သည်။ လူစိမ်းက သူမအပေါ်းက မခွာ သေးဘဲ ရပ်နေသည်။

“ကိုယ်က စေတနာ သန့်သန့်နဲ့ ပြောတာပါ။ အဲဒါကို သံသယကင်းကင်းနဲ့ ယုံလိုက်ပါ”

ထိုစဉ်မှာပဲ ဦးဘမှုန်က ရောက်လာသည်။ လူစိမ်းကို တစ်ချက် စူးစူးကြီး ကြည့်နေသည်။ ဦးဘမှုန် ရောက်လာသည်နှင့်သူက လှစ်ခနဲ ရှင်နှောင်းဘေးက ထွက်ခွာသွားသည်။

“ဦး သူ့ကို သိလားဟင်”

“မသိပါဘူး မိန်းကလေးရယ်”

ရှင်နှောင်းစိတ်ထဲမှာ နောက်ကျိသွားသည်။ ဘယ်လိုသော အကြောင်းများကြောင့် ထိုသူ သည် မိမိကို ပြန်ခိုင်းနေတာလဲ သူဌေးကြီး ဦးသိုက်အောင် အိမ်မှာ မိမိကို ဘာကြောင့် အလုပ် မလုပ်စေချင်တာလဲ။

ဘယ်လိုမှ အဖြေရှာမရဘဲ ရှင်နှောင်းရဲ့ ခေါင်းထဲမှာ ရှုပ်ထွေးနောက်ကျိသွားသည်။ အလို မကျတဲ့ မျက်နှာစူပုပ်ပုပ်လေးနှင့် ရှင်နှောင်းက ရှိနေသည်။ ရထားက ဘူတာက စတင်ထွက်ခွာ လေပြီ။

ရထားတွဲထဲမှာ ဝေ့ဝဲပြီး သူ့ကို ရှင်နှောင်း ရှာကြည့်သည်။

ရဲရဲဝံ့ဝံ့မရှာရဲ၍ လား သူပဲ မရှိ၍ လား မသိ။ သူ့ကို ရှင်နှောင်း ရှာမတွေ့ပါ။

ရွှေညောင်ဘူတာသို့ ရထားက ဆိုက်ဝင်နေပါပြီ။ မောလျှန့်မ်းခွေစွာ ဘူတာမှာ ခြေပစ် လက်ပစ်ကြီး ရပ်လိုက်ပါပြီ။

ဦးဘမှူန်က အသင့်စောင့်ကြိုနေသော ကားဆီသို့ ရှင်နှောင်းကို ခေါ်ခဲ့သည်။ အနီးအနား ပတ်ဝန်းကျင်မှာ ရှင်နှောင်းကို ဦးသိုက်အောင် အိမ်တွင် သွားအလုပ် မလုပ်ဖို့ တားသူ လူထူး လူတန်းကို ရှာဖွေကြည့်သည်။ တိတ်တခိုး အကြည့်များကို ဝေ့ဝဲလှုပ်ရှားလိုက်သည်။ လုံးဝမတွေ့ ပါ။ ထိုသူရဲ့ အစအနကိုပင် မတွေ့ရပါ။

"ဒီလူ မြေလျှိုးပြီး မိုးများ ပျံသွားလေရော့သလား"

ရင်ထဲမှာ တွေးတောစရာတွေ တစ်ပုံတစ်ပင်ကြီးနှင့်ပင် ကားပေါ်တက်၍ လိုက်ခဲ့ရပါတော့ သည်။

*

(၃)

ရွှေညောင်ဘူတာမှ မာစီဒီး ကားအဖြူကြီးက ထွက်ခဲ့ပါသည်။ သာယာလှပသော ပတ်ဝန်း ကျင် ရှုခင်းများကို ကြည့်ရင်း ရင်ထဲဆွတ်ပျံ့ကြည်နူးစွာ ရှင်နှောင်း လိုက်ပါလာသည်။

လမ်းဘေးတစ်လျှောက် ပွင့်ဖူးနေသော ပန်းရိုင်းလေးများ၊ စိုက်ခင်းများ၊ ပန်းခင်းများကို ကြည့်ရင်း တောင်ခြေသို့ ရောက်ခဲ့သည်။

တောင်ပတ်လမ်းမှ ကားက ဦးမော့ပြီး တက်ခဲ့သည်။ တဖြည်းဖြည်းမြင့်တက်လာသည်။ အသည်း တယားယားနှင့် မကြုံတွေ့ဖူးသော ခရီးကို နှင်နေရသည်။

ဘေးတစ်ဖက်တစ်ချက်က တောင်ကမ်းပါးယံနှင့် တစ်ဘက်က သစ်ပင်ချုံနွယ်တို့ဖြင့် ရှုပ်ယှက်ခတ်နေသော စိမ်းမှောင်နေသည့် လျှိုမြောင်များကိုကြည့်ရင်း ရှင်နှောင်းရဲ့ ရင်လေး တဖိုဖို ခံစားနေရသည်။ ရုတ်တရက် သူစိမ်းရဲ့ အရိပ်မျက်ဝန်းထဲမှာ ထင်ဟပ်လာခဲ့သည်။

ထိုသူသည် သူဌေးကြီး ဦးသိုက်အောင်နှင့် ဘယ်လိုပတ်သက်နေပါလိမ့်။ ဘာကြောင့် သူမ ကို ထိုအိမ်ကြီးမှာ အလုပ်မလုပ်စေချင်ပါလိမ့်။ ရှင်နှောင်း ရင်ထဲမှာ မေးခွန်းတွေသာရှိပြီး ဘာအဖြေ မှ ရှာမတွေ့အောင် ဖြစ်နေသည်။

တောင်ပေါ် မြေပြင်ညီသို့ ရောက်ခဲ့လေပြီ။ တိုက်တာ အဆောက်အအုံများကို စတင်မြင်ရ ပြီ။ ကျယ်ဝန်းသော ခြံကြီးတစ်ခြံအတွင်းသို့ ကားက ချိုးဝင်လိုက်သည်။

ကြီးမားသော နှစ်ထပ်တိုက်ကြီးရှေ့ ဆင်ဝင်အောက်မှာ ကားကတိခနဲ ရပ်လိုက်သည်။

"ကဲ . . .မိန်းကလေးရေ ရောက်ပြီ"

ကားသံကြားသည်နှင့် အိမ်ထဲက လူတစ်ယောက် ထွက်လာသည်။ ကြိုဆိုနေသည့်သူက သားသားနားနားနှင့် ချောမွေ့သူတစ်ယောက်ပါပဲ။ အနောက်တိုင်း ဝတ်စုံကို ဆင်မြန်းထားသည်။ ရှင်နှောင်းက ကားပေါ်က ဆင်းလိုက်သည်။

"ရှင်နှောင်း . . .ခရီးပန်းလာပြီလား"

ပြုံးပြုံးချိုချို မျက်နှာထားနှင့် ရှင်နှောင်းကို နှုတ်ဆက်ကြိုလင့်သည်။

"ကျွန်တော်က ဘဏ္ဍာစိုး တင်စိုးပါ"

တင်စိုးဆိုသူက သူ့ကိုယ်သူ မိတ်ဆက်နေသည်။ ရှင်နှောင်းက သူ့မျက်နှာကို လေ့လာ သောအကြည့်နှင့် မော့ကြည့်လိုက်သည်။ လူချောတစ်ယောက်ဖြစ်ပေမယ့် ရှင်နှောင်းက သူ့ရဲ့ မျက်ဝန်းတွေထဲမှာ ကောက်ကျစ်စဥ်းလဲ မရိုးသားမှုတွေ ရှိနေသည်လို့ ရင်ထဲမှာ အလိုလို ခံစားမိ သည်။

"သူဌေးကို မိသားစုမရှိကြဘူး၊ ရှင်နှောင်းလာရင် ကြိုဆိုထားဖို့ ကျွန်တော့်ကို မှာခဲ့ပါတယ်"

ရှင်နှောင်းကို သူက ရည်ရည်မွန်မွန်ပဲ ဆက်ဆံနေသည်။ လေးစားသည့်ဘက်သို့တောင် နွယ်နေသေးသည်။ အဲသည် အပြုအမူကလည်း သဘာဂမကျသလို ရှိနေသည်။

ရှင်နှောင်းက အလုပ်က အိမ်ဖော်သာသာပဲလေ။ ဒါကို ဘာလို့ ဘဏ္ဍာစိုးက တာဝန်တွေ ပိုပြီး အရေးတယူ ဖြစ်နေရတာ လဲ။

"အိမ်ထဲဝင်လေ ရှင်နှောင်း"

ရပ်မိသည့်နေရာမှာ မရွေ့မလျားရှိနေသော ရှင်နှောင်းကို သူက အိမ်ထဲသို့ ခေါ်သည်။ သူနှင့် အတူ ရှင်နှောင်းက အိမ်ထဲသို့ လိုက်၍ ဝင်ခဲ့သည်။ ဦးဘမှုန်က ခရီးဆောင်အိတ်ကိုယူပြီး ရှေ့က သွားနှင့်ပြီလေ။ တင်စိုးနှင့်အတူ အိမ်ကြီးထဲသို့ ရှင်နှောင်းက လိုက်ဝင်သည်။ ခမ်းနား ထည်ဝါသော ဧည့်ခန်းဆောင်ကြီးထဲသို့ ရောက်ခဲ့သည်။

"ကဲ . . . ရှင်နှောင်း လာရင် နေရာ စီစဉ်ပေးဖို့ မှာခဲ့တယ်၊ ရှင်နှောင်းကို နောင်နောင်ရဲ့ အခန်းနဲ့ ကပ်လျက်အခန်းမှာ စီစဉ်ထားတယ်"

"ဟုတ်ကဲ့ပါ"

ရှင်နှောင်းက လေးလေးစားစားပင် ပြန်ဖြေလိုက်သည်။ အမွေးပွ ဆိုဖာကြီးတွေပေါ်မှာ မရဲ တရဲ ထိုင်ပြီး ဧည့်ခန်းက ပြင်ဆင်မှုကို ဝေ့ဝဲအကဲခတ်နေသည်။

ခေတ်မီပြီး အဖိုးတန် ပစ္စည်းတွေ ထုံမွှန်းထားသော ဧည့်ခန်းကြီးက ဦးသိုက်အောင်ရဲ့ ချမ်းသာကြွယ်ဝမှုကို အရင်းအတိုင်း ဖော်ပြနေသည်။

"ကဲ . . . ရှင်နှောင်း နားချင်ရောပေါ့။ အခန်းကို ဦးဘမှုန်ရဲ့ ဇနီး ဒေါ်သုန်လိုက်ပြလိမ့် မယ်"

တင်စိုးက အားလုံးကို စီမံခန့်ခွဲရသူမို့ အိမ်မှာရှိသော အလုပ်သမားအားလုံးက ကြောက်ရပုံ ပေါ်သည်။ ဒေါ်သုန်အား ခေါ်လိုက်သည်နှင့် ချက်ချင်း ရောက်လာသည်။

"ကဲ ဒေါ်သုန်၊ ရှင်နှောင်းနေရမယ့် အခန်းကို လိုက်ပို့ပေးလိုက်ပါ"

"ဟုတ်ကဲ့"

ဒေါ်သုန်က ခါလေးကိုင်းပြီး လေးလေးစားစား ဖြေရင်းက တစ်ဆက်တည်း။

“လာ . . . မိန်းကလေး ဒေါ်သုန်နဲ့ လိုက်ခဲ့ . . .”

ဒေါ်သုန်ရဲ့ နောက်သို့ ရှင်နှောင်း သွက်သွက်လေးထပြီး လိုက်သွားသည်။ တင်စိုးဆိုသော လူကြီးရှေ့မှာ နေရတာ စိတ်ထဲတွင် တစ်မျိုးကြီးပါ။ သူရဲ့ စူးရှတဲ့ အကြည့်တွေကို မနှစ်မြို့စွာ ခံစားနေမိသည်။

အိမ်ကြီးက ရဲတိုက်ကြီးတမျှ ကြီးမားလှသည်။ ပြောက်မြားစွာသော ပိတ်ထားသည့် တံခါး တွေကို ဖြတ်ကျော်ပြီးမှ သူမရဲ့ အခန်းဆီသို့ ရောက်သည်။

“ကဲ . . . ဒီအခန်းပဲ။ မိန်းကလေးရဲ့ အခန်းဘေးက နှောင်နှောင်ရဲ့ အခန်းလေ”

“ဩော် . . .ဟုတ်ကဲ့”

ဂဂပုပု မျက်နှာချိုသော ဒေါ်သုန်ကို မြင်မြင်ချင်း ရှင်နှောင်းစိတ်မှာ အားကိုးစိတ်တွေ ဝင်လာသည်။ ဒေါ်သုန်သည် သဘောဖြူ အူစင်းမည့်သူလို့လည်း တွက်ဆထားသည်။

“ရေမိုးချိုးပြီး နားလိုက်လေ၊ ဗိုက်ဆာရင် မီးဖိုထဲ လာခဲ့နော်”

“ဟုတ်ကဲ့”

ဒေါ်သုန်က အခန်းဝမှာပဲ ထားပြီး ထွက်ခွာသွားသည်။ ရှင်နှောင်းက အခန်းတံခါးကိုဖွင့်ပြီး ဝင်သည်။ သူမရဲ့ ခရီးဆောင်အိတ်လေး အခန်းထဲမှာ ရောက်နှင့်နေပြီ။

အိပ်ခန်းမှာတွဲလျက် ရေချိုးခန်းရှိသည်မို့ ရှင်နှောင်းအတွက် အဆင်ပြေသွားသည်။ အဝတ် အစားလဲပြီး ရေချိုးလိုက်သည်။

ဒေါ်သုန်ရဲ့ စီမံမှုပဲ ဖြစ်မှာပါ။ အခန်းထဲမှာ သနပ်ခါးကျောက်ပျဉ်နှင့် သနပ်ခါးတုံးက အသင့် ရှိနေသည်။ သည်တစ်ခုကိုတော့ ရှင်နှောင်း အရမ်းသဘောကျသွားသည်။

သနပ်ခါးရေကျဲလေးလိမ်းပြီး အဝတ်အစားလဲလိုက်သည်။ ဗိုက်ထဲက တကြုတ်ကြုတ် မြည်အောင် ဆာလောင်လာသည်။ ဒေါ်သုန်ကမှာခဲ့သည်။ ဆာလျှင် မီးဖိုဆောင်ကို လာခဲ့တဲ့လေ။

ရှင်နှောင်း အခန်းပြင်သို့ ထွက်လိုက်သည်။ ဒေါ်သုန်ပြောသည့် မီးဖိုဆောင်ကိုသွားဖို့ပါပဲ။ အခန်းပြင်ရောက်ပြီးမှ ရှင်နှောင်းစိတ်ညစ်သွားပြီ။

မီးဖိုဆောင်ဆိုတာ ဘယ်မှာရှိမှန်း ရှင်နှောင်း မသိပါ။ ဒေါ်သုန်အားလည်း မေးမထားမိ။

"အို . . . မီးဖိုဆောင်က ဒီအိမ်ထဲမှာပဲ ရှိမှာပေါ့။ လျှောက်ရှာရင် တွေ့ရမှာပဲ"

စိတ်ထင်ပြီး ရှင်နှောင်းက အခန်းဝက ထွက်လာသည်။ လှေကားက ဆင်းခဲ့သည်။ ပိတ်ထားသော အခန်းတွေကို တစ်ခန်းပြီးတစ်ခန်း ဖွင့်ကျော်ခဲ့သည်။

တော်တော်ကြီးရှာမှ ထမင်းစားခန်းကို တွေ့သည်။ ထမင်းစားခန်းရဲ့နောက်မှာ မီးဖိုဆောင် ကို တွေ့ရသည်။

"ဟူး . . ."

သည်တော့မှ သက်မလေးချပြီး ရှင်နှောင်းရင်ထဲ အေးသွားသည်။ တစ်ခါလေး စားရဖို့ အရေးမှာ လိုက်ရှာလိုက်ရတာ ဆာနေတဲ့ စိတ်တောင် ဘယ်ပျောက်သွားသည် မသိတော့။ စွတ် ရွတ်ပြီး မီးဖိုဆောင်သို့ ဝင်ခဲ့သည်။

ဒေါ်သုန်နှင့်အတူ မီးဖိုထဲ ချက်ပြုတ် လုပ်ကိုင်နေသော မိန်းမနှစ်ဦးကို တွေ့ရသည်။ ရှင်နှောင်းကို တွေ့တော့ ဒေါ်သုန်က ပြုံးပြုံးရယ်ရယ်နှင့် လှမ်းခေါ်သည်။

"ဟော . . . ရှင်နှောင်း၊ ဗိုက်ဆာနေပြီ ထင်တယ်"

"ဟုတ်တယ် ဒေါ်သုန်၊ မီးဖိုခန်း မသိလို့ ရှာလိုက်ရတာ မောသွားတာပဲ"

စိတ်ပျက် လက်ပျက် ဟန်လေးနှင့် ရှင်နှောင်းက ပြောသည်။ ရှင်နှောင်းကိုကြည့်ပြီး ဒေါ်သုန်က ရယ်မောလိုက်သည်။

"ကဲ . . . လာလာ ဒီမှာထိုင်"

ဒေါ်သုန်က စားပွဲဆီသို့ ဖိတ်ခေါ်သည်။ စားသောက်ဖွယ်ရာများကို ချပေးပြီး ကျွေးသည်။ ဗိုက်ဆာနေတဲ့ ရှင်နှောင်း ဟန်ဆောင်မှုကင်းမဲ့စွာ အားပါးတရ စားသည်။ သည်အဖြစ်ကို ဒေါ်သုန် က သဘောတကျကျနှင့် ပြုံးနေသည်။

ရှင်နှောင်းက စားသောက်ပြီးသား ပန်းကန်တွေကို ကိုယ်တိုင်ပဲ ဆေးလိုက်သည်။ ဒေါ်သုန် ကလည်း မတားပါ။ သည်အိမ်ကြီးရဲ့ အလုပ်သမားတွေမို့ တစ်ယောက်ကိုတစ်ယောက် ဘာမှ ခယ လုပ်ကိုင်ပေးစရာ မလိုဘူးလေ။

အလုပ်သမားအချင်းချင်း၊ နှာတစ်ဖျား သာချင်လို့ ဘယ်ရမလဲ။ မဟုတ်ဘူးလား။ ဒါကြောင့် ရှင်နှောင်းက အလိုက်သိတတ်စွာ ကိုယ့်အလုပ်ကို ကိုယ်လုပ်လိုက်သည်။

"ဒေါ်သုန် ရှင်နှောင်း ဘာလုပ်ပေးရဦးမလဲ ဟင်"

အလိုက်သိတတ်စွာပဲ ထပ်ပြီး ရှင်နှောင်းက မေးသည်။

"ရတယ်၊ နားနားနေနေသာ နေပါကွယ်"

"ရှင်နှောင်း ခြံထဲ ဆင်းကြည့်လို့ ရမလား"

"ဆင်းကြည့်လေ"

ဒေါ်သုန်ထံမှ ခွင့်တောင်းပြီး ရှင်နှောင်း ခြံထဲသို့ ဆင်းခဲ့သည်။

နှင်းဆီ၊ ဂန္ဓမာစသည့် ပန်းတွေဝေဝေဆာဆာ ပွင့်ဖူးနေသည်။ စနစ်တကျ ရှိလှသည့် ပန်းခြံထဲ လျှောက်ကြည့်နေရင်းက ရှင်နှောင်း ခြံပြင်သို့ ထွက်ချင်လာသည်။

မရောက်ဖူးသော ဒေသရဲ့ အလှအပတွေကို ပိုပြီး တွေ့ကြုံခံစားချင်လာသည်။ ခြံပြင်သို့ ထွက်ခဲ့သည်။ အိမ်ရဲ့ ဘေးဘက်ကို မျှော်ကြည့်လိုက်လျှင် စိမ်းညို့မှိုင်းဝေနေသော ထောင်ချွန်း တောင်ကြီးကို တွေ့မြင်နေရသည်။

ထိုတောင်ကြီးဆီသို့ သွားရန် မလွယ်ကူမှန်း သိနေသည်။ ခြံပြင်ရောက်သည်နှင့် ကတ္တရာ လမ်းအတိုင်း ဆက်လျှောက်ခဲ့သည်။

တွေးတွေးငေးငေးနှင့် ရှင်နှောင်းတစ်ယောက် လျှောက်ခဲ့သည်။ နွေးထွေးမှုမရှိတဲ့ ကြိုတင် မှုတွေကြောင့် ထိုအိမ်ကြီးမှာ ဆက်လက် နေထိုင်ရမှာကိုပင် စိတ်ပျက်လျှောက်နေဆဲပါ။

ရန်ကုန်တွင် ကျန်ရစ်ခဲ့သော အမေနှင့် မောင်နှမလေးတွေကို လွမ်းဆွတ်တသမိသည်။ မိသားစုရဲ့ ဂမ်းစာရေးအတွက်သာ ထွက်လာခဲ့သည်။ စိတ်ချမ်းသာမှုကတော့ နည်းနည်းမှ မဖြစ် ပေါ်လာပါ။

“ဝုတ် . . . ဝုတ် . . .”

ထိုး၍ ဟောင်လိုက်သည့် ခွေးဟောင်သံကြောင့် လန့်ဖျပ်သွားသည်။ တွေးလက်စ အတွေး စများ လွင့်စဉ်ကုန်သည်။ ခွေးက သူမထံသို့ တစ်ဟုန်ထိုးပြေးလာပြီး ဆွဲတော့ ကိုက်တော့မည့် ဟန် ထိုးထိုး၍ ဟောင်သည်။

ဖြူဖွေး ချွန်ထက်နေတဲ့ သွားစွယ်တွေကို ကြည့်ရင်း ရှင်နှောင်း မူးမေ့မတတ် ကြောက်လန့် သွားသည်။ မျက်နှာလေးက ဖြူဖွေးပြီး သွေးဆုတ်သွားပြီ။ ခွေးကြီးကို ထိတ်လန့်သော မျက်ဝန်း တွေနှင့် ကြည့်နေသည်။

ရပ်မိသည့်နေရာမှ မလှုပ်ရဲ၊ အသက်မရှူရဲအောင်ပင် ရှင်နှောင်း ထံဝယ် ကြောက်စိတ်တွေ ကြီးစိုးနေသည်။

ခွေးကြီးကလည်း ကိုက်တော့ခဲတော့မည့် ဟန် တကဲကဲ။ အနားခြံက

လွတ်ထွက်လာပုံရ သည်။ ချွေးစေးတွေ ပြန်လာပြီး ရှင်နှောင်း ခေါင်းထဲမှာ မူးသီဝေနှောက်လာသည်။

“ဟိတ်၊ ဘရောင်နီ လာစမ်း”

ခွေးကြီးကို ကြိမ်းမောင်းခြောက်လှန့်လိုက်သံကြားရသည်။ မှိတ်ထားသော မျက်ဝန်းကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်သည်။

လူငယ်တစ်ယောက်ကို တွေ့ရသည်။ ခွေးက အမြီးတနှံ့နှံ့နှင့် ထိုလူငယ်ဆီသို့ ချဉ်းကပ် သွားသည်။

“ခြံထဲက ထွက်ပြီး ဘာလို့ သူများကို ရန်လုပ်နေတာလဲ”

လူစကား တော်တော်လေး နားလည်ပုံရသည်။

သူ့သခင်ကို တအီအီ၊ အမြီးတနှံ့နှံ့ လူပ်နေသည်။

“ခြံထဲကို ပြန်ဝင်စမ်းကွာ”

အမိန့်သံနှင့် မရှေးမနှောင်မှာပင် ခြံထဲသို့ ခွေးက ပြန်ဝင်သွားသည်။

“ဆောရီးပဲ နော်၊ ဘယ်အချိန်က အပြင်ကို ရောက်သွားမှန်း မသိလို့”

ချိုအီနေအောင် ပြုံးပြီး တောင်းပန်လိုက်သူ လူရွယ်ကို ကြည့်လိုက်သည်။

“တော်ပါသေးရဲ့ ရှင်ထွက်လာလို့ နို့မို့ဆို ကိုုက်တော့မှာ ရှင့်”

တဒိန်းဒိန်း ခုန်နေတဲ့ ရင်ကို လက်ဝါးလေးနှင့်ဖိရင်း ရှင်နှောင်းက ပြောသည်။ ကြောက်လန့် စိတ်တွေက မပြေသေး။

မှုန်ညက်နေအောင် ချောမွေ့နေတဲ့ ရှင်နှောင်းရဲ့ မျက်နှာကို ထိုလူငယ်က စူးစူးစိုက်စိုက် ကြီးပင် ကြည့်ပစ်လိုက်သည်။

“သိပ်လန့်သွားလား”

"လန့်တာပေ့ါ၊ ဒါလောက် သဲကြီး မဲကြီးဟောင်နေတာ၊ ကိုက်တော့မယ့် အတိုင်း"

"ထပ်ပြီး တောင်းပန်ပါတယ်၊ ကျွန်တော့်ရဲ့ ပေ့ါဆမှုပါ၊ ခွင့်လွှတ်ပါ မ . . ."

လူငယ်က ခွင့်လွှတ်ရန် တောင်းပန်ရင်းနှင့် လိမ်မာပါးနပ်စွာ ရှင်နှောင်းရဲ့ အမည်ကို မေးသည်။

"ကျွန်မ နာမည် ရှင်နှောင်းပါ"

"ဆောရီနော် ရှင်နှောင်း၊ ကျွန်တော့်နာမည်လဲ မှတ်ထားဦး၊ ဇော်ထူးပါ"

"ရှင်နှောင်းကို ခွင့်ပြုပါဦး"

ရှင်နှောင်းက ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်ပြီး သူ့ရှေ့က လှည့်ထွက်လိုက်သည်။ သူက ရှင်နှောင်းရှေ့မှာ ပိတ်လျက်ရပ်လိုက်သည်။

"မပြန်ပါနဲ့ဦးဗျာ" မိတ်ဖြစ်ဆွေဖြစ် စကားလေး ဘာလေး ပြောပါဦး"

မျက်နှာထား တည်တည်ထန်ထန်ကြီးနှင့် သူက ပြောသည်။ ချောမွေ့တည်ကြည်တဲ့ မျက်နှာကို ရှင်နှောင်း မော့ကြည့်သည်။

"လျှောက်ကြည့်ချင်တာနဲ့ ထွက်ခဲ့တာပါ"

"နောက်ကို ဒီလိုတစ်ယောက်တည်း မသွားနဲ့၊ အန္တရာယ်ရှိတယ်ဆိုတာ အခု သိပြီ မဟုတ် လား"

ဆရာကြီး ဒီဇိုင်းနဲ့ ဩဇာပေးနေသော လူစိမ်းကို ရှင်နှောင်း မကျေမနပ် ဖြစ်သွားသည်။ သူပြောတာကလည်း မှန်နေတော့ ချေပနိုင်စွမ်း မရှိ၊ အောင့်သက်သက်နှင့် ခံနေရသည်။

"မင်းရဲ့ အလုပ်ရှင် ဦးသိုက်အောင်တို့ မိသားစု မရှိကြဘူး မဟုတ်လား"

သူက တတ်သိနေလွန်းပါလား။ သူ ဘယ်သူလဲ ရှင်နှောင်း သိပ်သိချင်နေပါသည်။

"ဟုတ်တယ်၊ ရှင်က ဘယ်လိုသိနေလဲ၊ ရှင် ဘယ်သူလဲ"

မဲ့ပြုံးတစ်ခု သူ့နှုတ်ခမ်းပေါ်မှာ ဝဲသွားသည်။

"ကိုယ်က ဦးသိုက်အောင်ရဲ့ မိသားစုအကြောင်း သိပ်သိနေတဲ့လူပေါ့"

"ရှင့် နာမည်ကရော"

"အရေးမပါတဲ့ နာမည်၊ မသိချင်ပါနဲ့ကွာ"

ကြည့်ပါလား၊ ရှင်နှောင်း မေးသမျှကို ဝေ့လည်လည်နှင့်သာ သူဖြေနေသည်။ အတိအကျ တစ်ခုမှ မဖြေ။ ရှင်နှောင်း နှုတ်ခမ်းလေး စူသွားသည်။ လျှောက်ရင်းနှင့် ခြံရှေ့သို့ ရောက်လာသည်။

"ကဲ . . .မှောင်နေပြီ၊ ခြံထဲဝင်တော့၊ ကိုယ် သွားမယ်"

ရှင်နှောင်း ခြံထဲဝင်သည်အထိ သူရပ်စောင့်နေသည်။ ရှင်နှောင်း ခြံထဲရောက်ပြီးမှ သူ ထွက်သွားသည်။ သူမရဲ့ အခန်းဆီသို့ ရှင်နှောင်း တန်းတန်းမတ်မတ် တက်ခဲ့သည်။

သိပ်ပြီး လျှို့ဝှက်သော လူစိမ်းရဲ့ အကြောင်း တွေးပြီး မကျေမနပ် ဖြစ်နေသည်။

ရင်ထဲမှာ သူက စိုးစိုးမိုးမိုး ရှိသွားလိုက်တာကိုတော့ သတိထားမိသည်။

*

(၄)

အေးချမ်းတဲ့ ညချမ်းရဲ့ ဒဏ်ကို ဂွမ်းစောင်ထူထူအောက်မှာ ကွေးရင်းနှင့် ကြွံ့ကြွံ့ခံလိုက် သည်။ ရှင်နှောင်းက နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားသည်။

နံနက် ဝေလီဝေလင်းမှာပဲ ရှင်နှောင်း အိပ်ရာက နိုးလာသည်။ အိပ်ရာက မျက်နှာသစ်ပြီး မီးဖိုဆောင်ဆီသို့ ထွက်ခဲ့သည်။

ဒေါ်သုန်ပင် အိပ်ရာက မနိုးသေးပါ။ ရှင်နှောင်းက ရေနွေးကို တည်းပေးထားလိုက်သည်။ မီးဖိုထဲမှာ အေးစိမ့်နေသည်။ ဂက်(စ်) မီးဖိုကို မသုံးရဲ၍ မီးသွေးမီးဖိုကိုပဲ သုံးလိုက်သည်။ မီးသွေး မီးဖိုနားကပ်ပြီး အချမ်းဒဏ်ကို သက်သာအောင် ကြိုးစားလိုက်သည်။

ရေနွေးဆူတော့ ကော်ဖီတစ်ကရားဖျော်သည်။ လတ်ဆတ်သော ကော်ဖီမှုန့်နံ့က ရှင်နှောင်း ရဲ့ ဂမ်းဗိုက်ကိုပိုပြီး ဆာလောင်စေသည်။ ကော်ဖီပူပူလေး သောက်နေစဉ်မှာပဲ ဒေါ်သုန် မီးဖိုထဲ ရောက်လာသည်။

"ဟင် . . . ရှင်နှောင်းက အစောကြီး နိုးနေတာကိုး"

"ဟုတ်တယ် ဒေါ်သုန်၊ ကော်ဖီဖျော်ပြီး သောက်နေတာပါ"

"အေး . . .ဆာရင် ကြိုက်တာ လုပ်စားပေါ့ကွယ်"

ဒေါ်သုန်က ပေါင်မုန့် စတော်ဘယ်ရီဂျင် ထောပတ်တို့ကို ရှင်နှောင်းရှေ့သို့ ယူလာပေး သည်။

"စားလိုက်ဦး"

ရှင်နှောင်းက ပေါင်မုန့်တစ်ချပ်ကို ထောပတ်သုတ်ပြီး အပေါ်က စတော်ဘယ်ရီလေး ထပ်သုတ်ပြီး စားသည်။

လတ်ဆတ်သော ထောပတ်ကြောင့် ထင်ပါသည်။ စား၍ အရသာ ရှိလွန်းသည်။ အစား ကောင်းကြိုက်တတ်သော ညီမလေးနှင့် မောင်လေးတွေကို ပြေးသတိရလိုက်သေးသည်။

“သူဌေးတွေက ဘယ်တော့ ပြန်လာမှာလဲ ဒေါ်သုန်”

“ဒီနေ့ ရောက်ကြမှာကွယ်”

“နှောင်နှောင်နဲ့ ရှင်နှောင်း သိပ်တွေ့ချင်နေပြီ”

ဒေါ်သုန်ရဲ့ အကဲခတ်သောအကြည့် ရှင်နှောင်းဆီသို့ ရုတ်ခနဲ ရောက်လာသည်။

“နှောင်နှောင်က အလိုလိုက်ထားလို့ ဆိုးတယ်ဆိုတာ ဒေါ်သုန် သတိပေးထားလိုက်တယ် နော် ရှင်နှောင်း”

“နှောင်နှောင်က သိပ်ကို ဆိုးလား ဟင်”

“တွေ့တော့ သိရမှာပေါ့ကွယ်”

ရှင်နှောင်း စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။ နှောင်နှောင်ကို ထိန်းရကျောင်းရမှာ လွယ်ကူ ပါ့မလား၊ စိုးရိမ်စိတ်တွေပင် ဖြစ်သွားသည်။

သည်အလုပ်က ဝင်ငွေသည် ရှင်နှောင်း မိသားစုအတွက် အလွန်အရေးကြီးသည်မို့ သည်မှာ အလုပ်အကိုင်အဆင်မပြေမှာကို ရှင်နှောင်း စိုးရိမ်နေသည်။

အမြွှာမောင်လေးတွေကို ထိန်းကျောင်းခဲ့တဲ့ ရှင်နှောင်း၊ နှောင်နှောင့်ကိုလည်း အဆင်ပြေ အောင် ဆက်ဆံနိုင်လိမ့်မည်လို့ ကြိုတင်တွက်ဆထားသည်။

“ဒေါ်သုန် ရှင်နှောင်း ဘာလုပ်ပေးရမလဲ၊ ကြိုက်တာခိုင်းပါ၊ ရှင်နှောင်း အလကား နေရတာ ပျင်းလို့ပါ”

ရှင်နှောင်းရဲ့ စိတ်နေ သဘောထားကို ဒေါ်သုန် သဘောကျသွားသည်။ အပျင်းမထူ သိတတ်တဲ့ စိတ်ကလေးကို ချစ်ခင်သွားသည်။

ဒေါ်သုန် ခိုင်းသည်များကို ရှင်နှောင်းက သေသေသပ်သပ် လုပ်ကိုင်ပေးလိုက်သည်။ နံနက် စာ ချက်ပြုတ်နေသည့် ဟင်းလျာများကို ကူညီချက်ပြုတ်ပေးနေသည်။

တင်စိုးက မီးဖိုဆောင်ထဲ ရောက်လာသည်။ ရှင်နှောင်း လုပ်ကိုင်နေသည်ကို အကဲခတ် သည့်အကြည့်တွေနှင့် ကြည့်သည်။

ပြီးမှ . . .

“ရှင်နှောင်း မင်းကို အစ်ကိုကြီး သိုက်အောင် စောင့်နေတယ်၊ လာတွေ့လှည့်ပါ”

“ဩော် ဟုတ်ကဲ့ရှင့်”

လုပ်လက်စ အလုပ်ကို ချထားခဲ့ပြီး လက်ဆေးကာ တင်စိုးနောက်သို့ လိုက်ခဲ့သည်။ စာကြည့်ခန်းတွင်းသို့ တင်စိုးက ခေါ်သွားသည်။

အခန်းဂကပဲ လှည့်ပြီး ထွက်သွားသည်။ ရှင်နှောင်းက အခန်းထဲ ဝင်ခဲ့သည်။ တံခါးရွက်ကို တင်စိုးက ပြန်ပိတ်သွားသည်။

“လာ . . . ရှင်နှောင်း”

ဦးသိုက်အောင်ဆိုသော သူဌေးကြီးက လှမ်းခေါ်သည်။ ရှင်နှောင်းက အရပ် မြင့်မား ထွားကျိုးသည့် ဦးသိုက်အောင်ကို လှမ်းကြည့်ရင်း သူ့ရှေ့သို့ လျှောက်လာသည်။

“ထိုင် . . . ရှင်နှောင်း”

ကုလားထိုင်မှာ ရှင်နှောင်း ဝင်ထိုင်လိုက်သည်။ ရှင်နှောင်းရဲ့ မျက်နှာပေါ်မှာ လေ့လာ အကဲခတ် သုံးသပ်သော အကြည့်များ ဖဲပျံ့နေတာကို ခံစားရသည်။

"မင်းရောက်နေတဲ့အချိန်မှာ ဦးတို့ ရှိမနေတာကို ခွင့်လွှတ်ပါ ရှင်နှောင်း"

ရည်မွန်စွာပြောလာသော လူထွားကြီးကို ရှင်နှောင်း ကြည့်လိုက်သည်။ အလွန်ခန့်ညားပြီး ဩဇာအာဏာကြီးမားသည့် သူ့မှန်း သူ့ရုပ်သွင်က ဖော်ပြနေသည်။

"နေရ ထိုင်ရ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ရှင့်"

"မင်း လာရင် ကြိုပြီး ဂရုစိုက်ဖို့ မောင်တင်စိုးနဲ့ ဒေါ်သုန့်ကို မှာထားခဲ့တယ်"

သားဖြစ်သူရဲ့ အထိန်းတော်၊ ဒါမှမဟုတ် အစေအပါးဖြစ်တဲ့ မိမိကို ရည်ရည်မွန်မွန် ဆက်ဆံ တတ်တဲ့ ဦးသိုက်အောင်ကို ရှင်နှောင်း လေးစားသွားသည်။

"နှောင်နှောင်က ဆိုးတယ်၊ ရှင်နှောင်း သည်းခံနိုင်မလား"

"ရှင်နှောင်း စိတ်ရှည်ပါတယ် ဦး"

အသက် ငါးဆယ်ကျော်အရွယ်မို့ ရှင်နှောင်းက ဦးလို့ပင် ခေါ်လိုက်သည်။

"အင်း . . .မင်းနဲ့ဆို နှောင်နှောင်က တည့်ကောင်းပါတယ်လို့ ဦး ထင်တယ်၊ မင်းကလဲ ကလေးသာသာ ရှိသေးတာပဲ မဟုတ်လား"

ငယ်ရွယ်နုပျိုသော ရှင်နှောင်းကို ကြည့်ပြီး ဦးသိုက်အောင် ပြောသည်။

"ရှင်နှောင်း အကြောင်းတွေကို ပွဲစားပြောထားလို့ သိပြီးသားပါ။ ဒီမှာ ပျော်အောင်နေနော် ဟုတ်ပြီလား"

ကျေးဇူးတင်သော မျက်ဝန်းတွေနှင့် ဦးသိုက်အောင်ကို ရှင်နှောင်း ကြည့်လိုက်ပါသည်။

"သူ့အခန်းထဲမှာ နောင်နောင်ရှိတယ် သွားတွေ့လိုက်ပါဦး၊ နောင်နောင်က ကျန်းမာရေး မကောင်းတဲ့ ကလေးဆိုတာ ရှင်နှောင်း သိထားပါတယ်"

"ဟုတ်ကဲ့ပါ ဦး"

"ကဲ . . . သွားတော့နော်"

အလုပ်ရှင် ဦးသိုက်အောင်ကို တွေ့ရတာ ရှင်နှောင်း ရင်ထဲမှာ ကျေနပ်သွားသည်။ စိတ် သဘောထားပြည့်ဝသူတစ်ဦးဖြစ်မှန်း သိခဲ့ရသည်။

စာကြည့်ခန်းထဲကပေ့ါပါးစွာ ထွက်လာရင်း အတွေးတစ်ခု ရင်ထဲ ဝင်လာသည်။

"သူဌေးကတော်ကရော ဘယ်မှာလဲ၊ သူကရော ရှင်နှောင်းကို ခေါ်မတွေ့ဘူးလား"

သူဌေးကတော် ဒေါ်ခင်စောနွယ်ဆိုသူကို ရှင်နှောင်း တွေ့ချင်ပါသည်။ သူလည်း ဦးသိုက် အောင်လို သဘောထားရှိတဲ့သူ ဖြစ်ပါစေလို့ ဆုတောင်းလိုက်သည်။

သူမအခန်းရဲ့ ဘေးအခန်းက နောင်နောင်ရဲ့ အခန်းဆီသို့ သွက်လက်သော ခြေလှမ်းတွေ ဖြင့် လှမ်းခဲ့သည်။ အခန်းဝမှာ ခေတ္တရပ်ပြီး အထဲက အသံတွေကို နားစွင့်သည်။ ဘာသံမှ မကြား ပါ။

စေ့ထားသော တံခါးကို တွန်းပြီး ဝင်လိုက်သည်။ အတွင်းသို့ ညင်သာသော ခြေလှမ်းတွေ နှင့် ဝင်ရင်းဝေ့ဝဲရှာသည်။ ခုတင်ပေါ်တွင် မှောက်လျက်လဲနေသော နောင်နောင်ကို တွေ့ရသည်။

ခြေဖော့လျှောက်ပြီး ခုတင်နားဆီသို့ ချဉ်းကပ်ခဲ့သည်။ မျက်လုံးလေး ပေကလပ်လုပ်ပြီး ဘာတွေတွေးနေမှန်း မသိတဲ့ မျက်နှာလေးကို ငုံ့ကြည့်လိုက်သည်။

ဖျော့တော့ပိန်လှီသော နောင်နောင်ရဲ့ ကိုယ်ဟန်ကို တွေ့ရ၍ စိတ်ထဲမှာ ကျင်ခနဲ ခံစား လိုက်ရသည်။

"နောင်နောင်"

ဖျတ်ခနဲ နောင်နောင်က ထထိုင်ပြီး သူမကို စူးစိုက်ပြီး ကြည့်သည်။ ရှင်နှောင်းက အချို သာဆုံး အပြုံးတွေနှင့် နောင်နောင်ကို ကြည့်နေသည်။

"ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ"

"မမက ရှင်နှောင်းလေ၊ နောင်နောင်နဲ့ အတူနေဖို့ လာတဲ့သူပေါ့"

မှုန်ကုပ်ပြီး စူပုပ် မကြည်လင်နေသော မျက်နှာလေးကို ကြည့်ပြီး အနူးညံ့ဆုံး အချိုသာဆုံး လေသံနှင့် ရှင်နှောင်းက ပြောသည်။

"ဘာလို့ လာနေမှာလဲ ရှုပ်လိုက်တာ၊ နောင်နောင့်မှာ ဒေါ်ပူတူးရှိသားပဲ"

နောင်နောင်ကို ချုပ်ကိုင်ထိန်းကျောင်းရမှာ မလွယ်သည့်အလုပ်ဆိုတာ ရှင်နှောင်း တွက်ဆ မိသည်။ အိမ်က အမြွှာမောင်လေးတွေလည်း သည်လိုပါပဲ။ ရှင်နှောင်းက အပျော့ဆွဲနှင့် ချော့မော့ ပြီး ထိန်းခဲ့တာပဲ မဟုတ်လား။

"ဒေါ်ပူတူးဆိုတာ ဘယ်သူလဲ မောင်လေးရဲ့"

မကြည်လင်တဲ့ မျက်လုံးကြီးတွေဖြင့် နောင်နောင်က မှုန်ကုပ်ကုပ်နှင့် သူမကို လှမ်းကြည့် နေသည်။

"ဒါတောင် မသိဘူးလား၊ ဒေါ်ပူတူးဆိုတာ နောင့်ကိုထိန်းတဲ့လူပေါ့"

"ဪ . . .ဟုတ်လား၊ မမနှောင်းက မသိလို့ပါကွယ်"

ရှင်နှောင်းက အချိုသာဆုံး မျက်နှာလေးနှင့် နောင်နောင့်ကို ပြောသည်။

"ဒီအခန်းထဲ ဘာလာလုပ်တာလဲ"

မေးပြီးသား မေးခွန်းကိုပဲ မကျေမနပ်နှင့် နောင်နောင်က ထပ်မေးသည်။

"နောင်နောင် ပျင်းနေမှာစိုးလို့ မမနှောင်းက အဖော်လာလုပ်ပေးတာ"

"နောင့်အတွက် မဖော်မလိုပါဘူးလို့ ပြောနေတယ် မဟုတ်လား"

နောင်နောင်က ပုပ်သိုးသိုး မျက်နှာလေးနှင့် ပြောသည်။ အသက်ငါးခြောက်နှစ်ခန့်ရှိတဲ့ နောင်နောင်သည် ရှိသင့်သော ထွားကျိုင်းမှုထက် လျော့ပါးနေသည်ကို ရှင်နှောင်းတွေ့ရသည်။

နောင်နောင်သည် ကျန်းမာရေး မကောင်းဟု သိခဲ့ရသည်။ ဘယ်လို ကျန်းမာရေးချို့တဲ့ နေပါလိမ့်လို့ ရှင်နှောင်း သိချင်နေသည်။

တဖြည်းဖြည်းနှင့် နောင်နောင်ရဲ့ အကြောင်းတွေကို သိအောင်တော့ ကြိုးစားရမည်သာ။ သည်ကလေးကို ချည်းကပ်ရမှာ မလွယ်မှန်းတော့ ရှင်နှောင်း ပိုသိသည်။

"နောင်နောင် စာမသင်ချင်ဘူးလား"

"ဘာလို့ သင်ရမှာလဲ၊ နောင်နောင်က သူဌေးပဲ စာတတ်စရာ မလိုဘူး"

သည်ကလေးရဲ့ စိတ်ဓာတ်တွေကို အများကြီး ပြုပြင်စရာလိုမှန်း ရှင်နှောင်း သတိထားမိ သည်။ နောင်နောင်က သူမအပေါ် သိပ်မလိုလားဟန်တွေ ပြနေတော့ အခန်းထဲမှာ ကြာကြာမနေ ဘဲ ပြန်ထွက်ခဲ့သည်။

*